

## စစ်ပွဲနည်းဗျူဟာအသစ်တွေနဲ့ အရှိန်အဟုန်မြှင့်လာတဲ့

# WARGAME EUROPEAN ESCALATION

**အခုတလော RTS တွေ မဆော့ရတာ အတော်ကြာနေပါပြီ။ အထူးသဖြင့် စစ်တိုက်တဲ့ real time strategy game တွေကို ဆိုလိုတာပါ။ ထွက်ရှိထားပြီးသား အတော်များများကလည်း sci-fi တွေ ဖြစ်ရင်ဖြစ်၊ မဟုတ်ရင် legendary တွေဖြစ်တာ များပါတယ်။ ဒီလိုအချိန်မှာ Eugen systems ကနေ ၂၀၁၂ ခုနှစ် ထဲမှာ အသစ်ထွက်ရှိလာမယ့် Wargame: European Escalation အကြောင်း သတင်းကောင်းတစ်ခု တွေ့ရှိလာပါတယ်။ »**

လွန်ခဲ့တဲ့နှစ်တွေမှာ Act of War Series နဲ့ R.U.S.E တို့ကြောင့် နာမည်ရလာတဲ့ Eugen systems ဟာ RTS စစ်ပွဲပုံစံသစ်တစ်ခုကို ယခု ပွဲထုတ်လိုက်တာလို့ ဆိုရပါမယ်။ ဇာတ်လမ်းပုံစံကလည်း ထူးခြားပါတယ်။ ၁၉၇၅ ခုနှစ်ကနေ ၁၉၈၅ ခုနှစ်အတွင်း စစ်အေးတိုက်ပွဲ cold war ကာလမှာ ဇာတ်အိမ်တည်ထားပြီး တကယ်လို့သာ သမိုင်းကြောင်းရဲ့ တစ်ထောင့်တစ်နေရာမှာ မတူညီတဲ့ အပြောင်းအလဲတစ်ခုခု ကြုံတွေ့ခဲ့ရင် ဖြစ်လာနိုင်တဲ့ နိုင်ငံရေး၊ စစ်ရေးပုံစံသစ်ကို စိတ်ကူးယဉ်တင်ဆက်ထားပါတယ်။

နေတိုး NATO(အမေရိကန်ပြည်ထောင်စုနဲ့ အနောက် ဥရောပနိုင်ငံတွေ) နဲ့ warsaw pact(ဆိုဗီယက်နဲ့ အရှေ့ဥရောပနိုင်ငံတွေ) အကြား ပဋိပက္ခတွေကြောင့် တတိယကမ္ဘာစစ်ပွဲကြီး ဖြစ်ပွားလာနိုင်ခဲ့တဲ့ သမိုင်းကြောင်းကို အခြေခံထားပါတယ်။ အဖွဲ့ကြီး ၂ ဖွဲ့စလုံးဟာ နျူကလီးယား အဏုမြူလက် နက်တွေ အဆင်သင့်ပြင်ဆင်ထားပြီး အဖွဲ့တစ်ဖက်ဖက်က စတင်လိုက်တာနဲ့ တစ်ကမ္ဘာလုံး နိဂုံးချုပ်တော့မှာ ဖြစ်ပါတယ်။ အဲဒီလို





အခြေအနေမှာ အဖွဲ့ကြီး ၂ ဖွဲ့အကြား အချင်းပွားကြတဲ့စစ်ပွဲတွေကို ခင်းကျင်း ဆော့ကစားရပါလိမ့်မယ်။

## Gameplay ပုံစံ

RTS gamer တွေအနေနဲ့ ဝါရင့်တွေပဲဖြစ်ဖြစ်၊ အခုမှ စတင်ဆော့ကစားမယ့်သူတွေပဲဖြစ်ဖြစ် ထူးထူးခြားခြားဆန်းသစ်ထားတဲ့ ပြင်ပလက်တွေ့အတိုင်း ပုံစံတူ game အတွေ့အကြုံသစ်တွေ ရရှိနိုင်ပါလိမ့်မယ်။ ကစားသူ solo တစ်ဦးတည်းဆော့ရမယ့် campaign ဇာတ်လမ်းရော၊ multiplayer မှာပါ ထိန်းချုပ်ဆော့ကစားရမယ့်ပုံစံတွေဟာ အသေးစိတ်လှပါတယ်။ တိုက်ခိုက်မယ့်နည်းဗျူဟာတွေနဲ့ တိုက်ပွဲစီမံကိန်းတွေ ချမှတ်ရာမှာလည်း ပြင်ပလက်တွေ့ တိုက်ပွဲတွေလိုပဲ ပြိုင်ဘက်တွေရဲ့ သတင်းအချက်အလက်တွေကို ကြိုတင်ထောက်လှမ်းရသလို၊ မိမိအဖွဲ့သားတွေကို တိုက်ပွဲအတွင်းမှာ ဘယ်လိုအကာအကွယ်တွေထားရှိမလဲ၊ လက်နက်ခဲယမ်းတွေ ဘယ်လိုဖြည့်တင်းပေးမလဲ၊ ယာဉ်တွေအတွက် လောင်စာဆီ ဘယ်လိုဖြည့်ပေးမလဲ စသဖြင့် အမျိုးစုံလင်စွာ တွေ့ရပါမယ်။

မိမိထိန်းချုပ်ဆော့ကစားရမယ့် ယူနစ်ပေါင်း ၃၀၀ မှ တစ်ခုချင်းစီအတွက် အနီးကပ်တိုက်ပွဲမျိုးအတွက်ဆိုရင် ဘယ်လိုလက်နက်မျိုး စွဲကိုင်မလဲ၊ ပစ်မှတ်က အငြိမ်လား လှုပ်ရှားနေတဲ့ပစ်မှတ်လား၊ မိမိလက်နက်ရဲ့ ထိမှန်နိုင်ခြေရာခိုင်နှုန်း၊ ကျည်ချွေတာထိန်းချုပ်ပုံ စတဲ့ အသေးစိတ်ယူနစ်များအတွက် နည်းဗျူဟာတွေ ဟာ အတော်လေး စိတ်ဝင်စားစရာကောင်းလှပါတယ်။

အထူးခြားဆုံးအချက်ကတော့ ဆော့ကစားရမယ့် မြေပုံတွေပါပဲ။ တစ်ချိန်တုန်းက RTS Game တွေမှာ ကစားခဲ့ရတဲ့ မြေပုံတွေဟာ အခု Wargame နဲ့ယှဉ်ရင် အရွယ်အစားအားဖြင့် သေးငယ်သွားတယ်လို့ မှတ်ဆိုရလောက်အောင် Wargame မြေပုံတွေဟာ ကြီးမားကျယ်ပြန့်လွန်းလှပါတယ်။ အခြား action game တွေမှာ တွေ့မြင်ဖူးတဲ့ Massive Open World လိုမျိုးနီးပါးပါပဲ။ ယနေ့ ခေတ် PC ဟာ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က PC တွေထက် အမြန်နှုန်းနဲ့ စွမ်းဆောင်ချက်တွေ အလွန်အမင်း မြင့်မားလာမှု ကြောင့်လည်း အခု





လို မြေပုံအရွယ်အစားကို ဆော့ကစားလာနိုင်တာ ဖြစ်တယ်လို့ ဆိုထားပါတယ်။

## Game engine

Eugen systems ဟာ R.U.S.E မှာ အသုံးပြုထားခဲ့ပြီး ယင်းတို့ နာမည်ရခဲ့တဲ့ Iriszoom engine ကို မွမ်းမံထုတ်လုပ်ထားတဲ့ ဒုတိယမျိုးဆက် Iriszoom engine ကို အခြေခံကာ Wargame: European Escalation ကို ရေးဆွဲထားပါတယ်။ ဒီ engine ရဲ့ အကောင်းဆုံးအားသာချက်ကတော့ game unit တွေရဲ့ 3D ရုပ်ပုံတွေအတွက် အသေးစိတ် render ပြုလုပ်ချက်တွေပါပဲ။ မြေပုံတစ်ခုတည်းမှာ object အရာဝတ္ထုပေါင်း သန်းနဲ့ချီပြီး render ပြုလုပ်ထားနိုင်သလို game မြေပုံထဲမှာ တိုက်ပွဲဝင်နေပြီး အရေအတွက် ရာနဲ့ချီရှိနေတဲ့ တင့်ကားတွေ၊ helicopter တွေ၊ ခြေလျင်တပ်သားတွေရဲ့ ရုပ်ပုံတွေကို လုံးဝ အထစ်အငေါ့မရှိ ချဲ့နိုင်ချုံ့နိုင် ကြည့်ရှုထိန်းချုပ်နိုင်ပါတယ်။

Visual ပိုင်းမှာ အသုံးပြုထားတဲ့ texture တွေကို အားလုံး high-resolution အသုံးပြုထားပြီး အလင်းရောင်အသုံးပြုထားပုံတွေ၊ ပေါက်ကွဲမှုပုံစံတွေ၊ အလင်းအမှောင်ကျရောက်ပုံတွေဟာ အသက်ဝင်လှပါတယ်။ Wargame ဟာ တခြား ဘယ်လို RTS game တွေမှာမှမရနိုင်တဲ့ visual experience တွေကို ပေးနိုင်မှာဖြစ်သလို အသံပိုင်းဆိုရင် ပြင်ပစစ်မြေပြင်မှာ တွေ့ကြုံနိုင်တဲ့ အသံတွေအတိုင်း post-processing effect ပေါင်းများစွာ ထည့်သွင်းထားပါတယ်။

## Multiplayer ချိတ်ဆက်ပုံ

ယခု Wargame ကို အများနဲ့ချိတ်ဆက်ဆော့ကစားနိုင်ဖို့ EugenNet ဆိုတဲ့ online service တစ်ခုတည်ထောင်ထားပြီး ဆော့ကစားမှု မှတ်တမ်းတွေ၊ အနိုင်အရှုံးတွေအရ အဆင့်သတ်မှတ်ဖို့ လိုအပ်ချက်တွေအတွက် အမှတ်ပေး Elo system ကို ထည့်သွင်းပေးထားပါတယ်။ တစ်ချိန်တုန်းက RTS game တွေမှာ နာမည်ကျော် လူကြိုက်များခဲ့တဲ့ skirmish ပုံစံတွေအတိုင်း ယခု Wargame မှာ ပြန်လည် မြင်တွေ့ရမှာ ဖြစ်သလို game mode တွေမှာ total destruction ၊ time limit ၊ capture the flag စသဖြင့် ပါဝင်ဦးမှာ ဖြစ်ပါတယ်။

Multiplayer ဆော့ကစားရာမှာလည်း ၈ ယောက်အထိ ချိတ်ဆက်နိုင်ပါမယ်။ တစ်ဦးချင်း 1v1 ၊ အဖွဲ့အလိုက် အချင်းချင်း 2v2 ၊ 3v3 ၊ 4v4 ၊ ဒါမှမဟုတ် 1v7 ပုံစံ အမျိုးမျိုးရွေးချယ်ဆော့ကစားနိုင်ပါလိမ့်မယ်။

## Conclusion

အချက်အလက်တွေကို ခြုံငုံသုံးသပ်ကြည့်ရင် R.U.S.E လိုမျိုး RTS တွေကို ဆော့ကစားကြိုက်နှစ်သက်တဲ့သူ RTS gamer တွေပဲ စိတ်ဝင်တစားရှိနိုင်မယ်လို့ ယူဆရပါတယ်။ ဒါပေမဲ့ တခြား action game တွေကစားရာမှာ ဒဏ္ဍာရီရုပ်ပုံနဲ့ ဇာတ်ကောင်တွေ၊ အနာဂတ်သိပ္ပံဇာတ်ရုပ်တွေထက် လက်တွေ့ကျကျ ပြင်ပကအတိုင်း realistic ဖြစ်တာကိုမှ ဆော့ကစား ကြိုက်နှစ်သက်တတ်တဲ့ gamer တွေ၊ historic ဇာတ်လမ်းတွေကို ရူးသွပ်တတ်တဲ့ gamer တွေလည်း ယခု game ကို စမ်းသပ်ကစားကြည့်စေချင်ပါတယ်။ ကြေညာထားတဲ့အတိုင်း အပြောနဲ့အလုပ် ညီ၊ မညီ တကယ်တမ်း လုပ်ဆောင်နိုင်မလား၊ RTS gamer တွေရဲ့ မျှော်မှန်းချက်တွေကို ဖြည့် ဆည်းပေးနိုင်မလား၊ RTS စစ်ပွဲ game တွေ ခေတ်ကုန်သွားပြီလား စောင့်ကြည့်ကြပါစို့။ ■

MJD (4AM digital services)



# ကစားကြည့်စေချင်တဲ့ console game 5 မျိုး

## L.A Noire



**ဆော့ကစားနိုင်သောစက်များ : PS3, X box 360**

L.A Noire(ဒေါ်လာ ၄၀) မှာ ကိုယ်က မြို့ထဲမှာ ရာဇဝတ်မှုတွေ အမြင့်ဆုံးရောက်နေတဲ့အချိန် ရဲတပ်ဖွဲ့နဲ့ ပူးပေါင်းလိုက်တဲ့ သူရဲကောင်း Cole Phelps ရဲ့နေရာမှာ ဝင်ကစားရမှာပါ။ ဇာတ်ကောင်တွေရဲ့ မျက်နှာအမူအရာတွေက အသေးစိတ်ကျလှပါတယ်။ ဒါကလည်း ကိုယ်သံသယရှိသူတွေ၊ သက်သေတွေကို မေးမြန်းတဲ့အခါ ကိုယ့်ရဲ့တုံ့ပြန်မှုတွေကို ဆုံးဖြတ်နိုင်တဲ့နေရာမှာ အရေးပါပါတယ်။

## The Legend of Zelda: Twilight Princess



**ဆော့ကစားနိုင်သောစက်များ : Wii**

The Legend of Zelda : Twilight princess (၂၅ ဒေါ်လာ) က အရင် series က game ကြောင့် ထိပ်တန်းနေရာကို ရောက်ရှိခဲ့ပါတယ်။ ခမ်းနားထည်ဝါတဲ့ graphic တွေ၊ ပါးနပ်ကောင်းမွန်တဲ့ level design တွေနဲ့ action တွေအပြင် ဒီ game series ရဲ့ အခန်းကဏ္ဍသစ် တစ်ခုကိုဖွင့်ပြီး series ရဲ့ အလားအလာရှိမှုကို ပိုမိုကျယ်ပြန့်စေပါတယ်။ Zelda game တွေကို နှစ်သက်သူတွေအားလုံး ဒီ game ကို ကျိန်းသေ သဘောကျမှာဖြစ်ပြီး ဒီအပိုင်းက ကလေးတွေနဲ့အတူ ပျော်ပျော်ရွှင်ရွှင် ဆော့ကစားလို့လည်း သင့်တော်ပါတယ်။

## Little Big Planet 2



**ဆော့ကစားနိုင်သောစက်များ : PS3**

Cooperative platform action နဲ့ ဇာတ်ပုံသုံး ပတ်ဝန်းကျင်အစစ်ပုံစံမျိုး လုပ်ဆောင်ပေးထားတဲ့ Little-BigPlanet 2 (ဒေါ်လာ ၄၀) ဟာဆိုရင် စိတ်အားထက်သန်တဲ့ game designer တွေအတွက် ကင်းဗတ်စ တစ်ခုလိုပါပဲ။ ဒီ game မှာ အသုံးပြုသူတွေ ဖန်တီးထားတဲ့ ထောင်ပေါင်းများစွာသော level တွေကို download ရယူ နိုင်ပါတယ်။

## Mario Kart Wii



**ဆော့ကစားနိုင်သောစက်များ : PS3**

Mario Kart Wii (ဒေါ်လာ ၅၀) က အမိုက်စား၊ ပျော်ရွှင်ဖွယ် အကောင်းဆုံး multiplayer ပြိုင်ပွဲ game ပဲ ဖြစ်ပါလိမ့်မယ်။ ဆယ်စုနှစ် ၃ ခုက Nintendo game မှာ နာမည်အကြီးဆုံးဇာတ်ကောင်နဲ့ တန်ဆာဆင်ထားပြီး အခြားကစားသူတွေနဲ့ ယှဉ်ပြိုင် အနိုင်ယူရမယ့် ထိပ်တန်း Wii game တစ်ခု ဖြစ်ပါတယ်။

## Mass Effect 2



**ဆော့ကစားနိုင်သောစက်များ : PS3, Xbox360**

အပြစ်ပြောစရာမရှိတဲ့ ဇာတ်လမ်းသွားကို လှုပ်ရှားမှု အသားပေး ဆော့ကွက်တွေ၊ အထင်ကြီးစရာ graphic တွေနဲ့ mission တွေ အမျိုးမျိုးနဲ့ ပေါင်းစပ်ထားတဲ့ Mass Effect 2 (ဒေါ်လာ ၃၀) မှာ ကစားသူက Commander Shepard ရဲ့ နေရာ မှာ ပါဝင်ကစားရမှာ ဖြစ်ပါတယ်။ သူက ကြယ်စုထဲက လူသားနယ်ချဲ့တွေကို ရှင်းလင်းပစ်နေတဲ့ ဂြိုလ်သားအဖွဲ့ ကို ဖျက်စီးရမှာပါ။ ကိုယ်တစ်ယောက်တည်း သင်းကွဲသွားနိုင်သလို ငြိမ်းချမ်းရေးထိန်းသိမ်းသူလည်း ဖြစ်သွားနိုင်ပါတယ်။ ဒါပေမဲ့ ကိုယ့်ရဲ့ဆုံးဖြတ်ချက် အသေးအဖွဲကတောင် ကိုယ့်ကိုထိခိုက်နိုင်၊ အကူအညီပေးနိုင်ပါတယ်။